http://www.uparama.com



စားတတ်သော ဘီလူးအဖြစ်ဖြင့် ဖြစ်၏။ ယခုတစ်ဖန်လည်း မကောင်းမှုကိုသာလျှင် ပြုပြန်၏။ ဤမကောင်းမှုကံသည် ငရဲအစရှိသည်တို့မှ လွတ်ခြင်းငှာ အခွင့်မပေးလတ္တံ့။ ထို့ကြောင့် ဤအခါမှစ၍ မကောင်းမှုကိုပယ်၍ ကောင်းမှုကို ပြုလေလောဟု ဘုရားလောင်းသည် ဘီလူးကို ဆုံးမ၍ ဘီလူးသည် စီရင်အပ်သော အစောင့်အရှောက်ရှိသည်ဖြစ်၍ ထိုအရပ်၌သာလျှင် နေလျက် တစ်နေ့သ၌ နက္ခတ်ကို ကြည့်၍ အဖ၏သေသောအဖြစ်ကိုသိ၍ ဘီလူးကိုခေါ်၍ ဗာရာဏသီပြည်သို့ သွား၍ မင်းအဖြစ်ကိုယူ၍ စန္ဒမင်းသားအား အိမ်ရှေ့အရာကို၊ သူရိယမင်းသားအား စစ်သူကြီးအရာကို ပေး၍ မွေ့လျော်ဖွယ်ရှိသော အရပ်၌ ဘီလူးနေရာကိုပြုစေ၍ ဤသို့သော အခြင်းအရာအားဖြင့် နေရာကို ပြုစေသည်ရှိသော် ဘီလူးသည် ပန်းကုံးဦးကိုလည်းကောင်း၊ ပန်းပွင့်ဦးကိုလည်းကောင်း၊ ထမင်းဦးကိုလည်းကောင်း ရ၏။ ထိုသို့သော အခြင်းအရာအားဖြင့် နေရာကိုပြုစေ၏။ မဟိံသမင်းသားသည် မင်းပြု၍ ကံအားလျော်စွာလား၏။ မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာကို ပြတော်မူသည်၏ အဆုံး၌ ထိုရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်လေ၏။

**ဇာတ်ပေါင်း**-မြတ်စွာဘုရားသည် နှစ်ပါးကုန်သော ဝတ္ထုတို့ကိုဟော၍ အနုသန္ဓေကိုစပ်၍ ယခုအခါ ဥစ္စာများသော ရဟန်းသည် ထိုအခါ ဒကရက္ခိုသ် ဖြစ်လေပြီ၊ ယခုအခါ အာနန္ဒာသည် ထိုအခါ သူရိယမင်းသား ဖြစ်လေပြီ၊ ယခုအခါ သာရိပုတ္တရာသည် ထိုအခါ စန္ဒမင်းသားဖြစ်လေပြီ၊ ယခုအခါ ငါဘုရား သည်လျှင်မူကား ထိုအခါ အစ်ကိုကြီး မဟိံသမင်းသား ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

[ဟိရိ၊ သုတ္တပ္ပ၊ ပြည်စုံက၊ ဒေဝဓမ္မ ပုဂ္ဂိုလ်ခေါ်]

**ခြောက်ခုမြောက်သော ဒေဝဓမ္မဇာတ်သည် ပြီး၏။**

# ၇ - ကဋ္ဌဝါဟနဇာတ်

## မိမိမှဖြစ်သော သားကို မစွန့်အပ်ကြောင်း

**ပစ္စုပ္ပန်ဝတ္ထု**-နတ်နှင့်တကွသော လူကို ဆုံးမတော်မူတတ်သော မြတ်စွာဘုရားသည် "ပုတ္တော တျာဟံ မဟာရာဇ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤ ကဋ္ဌဝါဟနဇာတ်ကို ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် "ဝါသဘခတ္တိယာ"ကို အကြောင်းပြု၍ ဟောတော်မူသည်။ ဝါသဘခတ္တိယာ၏

http://www.uparama.com


ဝတ္ထုသည် "ဒွါဒသကနိပါတ် ဘဒ္ဒသာလဇာတ်"၌ ထင်စွာဖြစ်လတ္တံ့။ ဝါသဘခတ္တိယာသည် မဟာနာမ် သာကီဝင်မင်း၏ သမီးဖြစ်သတတ်။ နာဂမုဏ္ဍာ အမည်ရှိသော ကျွန်မ၏ဝမ်း၌ ဖြစ်၏။ ကောသလမင်းကြီး၏ မိဖုရားကြီး ဖြစ်သတတ်။ ဝါသဘခတ္တိယာသည် မင်းကိုစွဲ၍ သားကိုဖွား၏။ မင်းသည်ကား ဝါသဘခတ္တိယာ၏ ကျွန်မအဖြစ်ကို နောက်မှသိ၍ မိဖုရားကြီးအရာကို နုတ်၏။ သားဝိဍူဍဘ၏လည်း အရာကို နုတ်သည်သာလျှင်တည်း။ ထိုသားအမိ နှစ်ယောက်တို့ သည်လည်း နန်းတော်တွင်း၌သာလျှင် နေကုန်၏။

မြတ်စွာဘုရားသည် ထိုအကြောင်းကို သိတော်မူ၍ နံနက်အခါ၌ ရဟန်း ငါးရာခြံရံလျက် မင်းအိမ်သို့ကြွတော်မူ၍ ခင်းအပ်သောနေရာ၌ နေတော်မူ၍ မင်းကြီး၊ ဝါသဘခတ္တိယာသည် အဘယ်မှာနည်းဟု မေးတော်မူ၏။ မင်းသည် ထို အကြောင်း ကို ကြားလျှောက်၏။ မင်းကြီး၊ ဝါသဘခတ္တိယာသည် အဘယ်သူ့ သမီးနည်းဟု မေးတော်မူ၏။ အရှင်ဘုရား၊ မဟာနာမ် သာကီဝင်မင်း၏ သမီးတည်းဟုလျှောက်၏။ လာလတ်သည်ရှိသော် အဘယ်သူတို့ လာသနည်းဟု မိန့်တော်မူ၏။ အရှင်ဘုရား၊ အကျွန်ုပ်သို့လာ၏ဟုလျှောက်၏။ မင်းကြီး၊ ဤ ဝါသဘခတ္တိယာသည် မင်း၏ သမီးတည်း။ မင်းသို့သာလျှင်လာ၏။ မင်းကိုသာလျှင် စွဲ၍ သားကို ရ၏။ ထိုသား သည် အဘယ့်ကြောင့် အဖဥစ္စာဖြစ်သော တိုင်းနိုင်ငံ၏ အရှင်သည် မဖြစ်ရာသနည်း။ ရှေးမင်းတို့သည် တစ်ခဏမျှနေသော မယားဖြစ်သော ထင်းခွေမိန်းမဝမ်း၌ သားကို ရ၍ သားအား မင်းအဖြစ်ကိုပေးဖူးကုန်၏ဟု မိန့်တော်မူ၏။ ပသေနဒီ ကောသလ မင်းသည် ထိုအကြောင်းကို ထင်စွာပြစိမ့် သောငှာ မြတ်စွာဘုရားကို တောင်းပန်၏။ မြတ်စွာဘုရားသည် ဘဝတစ်ပါးသည် ဖုံးလွှမ်းအပ်သော အကြောင်းကို ထင်စွာ ပြတော်မူ၏။

**အတိတ်ဝတ္ထု**-လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် များစွာသော အခြံအရံဖြင့် ဥယျာဉ်သို့သွား၍ ထိုဥယျာဉ်၌ အပွင့်အသီး၌ တပ်မက်မောသဖြင့် လှည့်လည်သည်ရှိသော် ဥယျာဉ်တောအုပ်၌ သီချင်းသီ၍ ထင်းခွေသော ဆင်းရဲသော မိန်းမတစ်ယောက်ကိုမြင်၍ နှစ်သက်သော စိတ်ရှိ သည်ဖြစ်၍ သံဝါသကိုပြု၏။ ထိုခဏ၌လျှင် ဘုရားလောင်းသည် ထင်းခွေမိန်းမ၏ ဝမ်း၌ ပဋိသန္ဓေနေ၏။ ထိုပဋိသန္ဓေနေသော ခဏ၌လျှင် ထင်းခွေမိန်းမ၏ဝမ်းသည် ဝရဇိန်ဖြင့် ပြည့်သကဲ့သို့ လေးသည်ဖြစ်၏။ ထင်းခွေမိန်းမသည် ကိုယ်ဝန်တည်သော အဖြစ်ကို သိ၍ အရှင်မင်းကြီး၊ အကျွန်ုပ်အား ကိုယ်ဝန်တည်၏ဟု လျှောက်၏။ မင်းသည် လက်စွပ်ကို ပေးခဲ့၍ သမီးသည် အကယ်၍ဖြစ်အံ့၊ လက်စွပ်ကိုရောင်း၍

http://www.uparama.com


မွေးရစ်လော့၊ သားတည်း အကယ်၍ဖြစ်အံ့၊ လက်စွပ်နှင့်တကွ ငါ့အထံသို့ ဆောင်ခဲ့လောဟု ဆို၍ သွားလေ၏။

ထင်းခွေမိန်းမသည်လည်း ပြည့်သောကိုယ်ဝန်ရှိသည်ဖြစ်၍ ဘုရားလောင်းကို ဖွား၏။ ဘုရားလောင်း၏ ရှေ့ရှုပြေး၍လည်းကောင်း၊ ထက်ဝန်းကျင်ပြေး၍လည်းကောင်း သွားတတ်သော ကာလ၌ ကစားရာအရပ်၌ ငါတို့ကို အဖမရှိသောသူသည် ပုတ်ခတ်၏ဟု သူငယ်တို့ဆိုကြကုန်၏။ ဘုရားလောင်းသည် ထိုစကားကိုကြား၍ အမိထံသို့သွား၍ မိခင်၊ ငါ့အဖသည် အဘယ်သူနည်းဟု မေး၏။ ချစ်သား၊ သင် သည် ဗာရာဏသီမင်း၏ သားတည်းဟု ဆို၏။ မိခင်၊ တစ်စုံတစ်ခုသော သက်သေ ရှိသလောဟု မေး၏။ ချစ်သား၊ မင်းသည် ဤလက်စွပ်ကို ပေး၍ သမီး ဖြစ်က လက်စွပ်ကိုရောင်း၍ မွေးရစ်လော့၊ သားသည် အကယ်၍ဖြစ်အံ့၊ လက်စွပ် နှင့်တကွ ငါ့အထံသို့ ဆောင်ခဲ့လောဟု ဆို၏။ မိခင် ဤသို့ဖြစ်သည်ရှိသော် အဘယ့်ကြောင့် ငါ့ကို အဖအထံသို့ မဆောင်သနည်းဟု ဆို၏။ ထင်းခွေမိန်းမ သည် သား၏အလိုကိုသိ၍ မင်းအိမ်တံခါးသို့ သွား၍ မင်းအား ကြားလျှောက်စေ၏။ မင်းလည်း ခေါ်စေ၍ ထင်းခွေမိန်းမသည် ဝင်၍ မင်းကို ရှိခိုး၍ အရှင်မင်းကြီး၊ ဤသူငယ်သည် အရှင်မင်းကြီး၏သားတည်းဟု လျှောက်၏။ မင်းသည် သိလျက်လည်း ပရိသတ်၏ အလယ်၌ ရှက်ခြင်းကြောင့် ငါ့သားမဟုတ်ဟု ဆို၏။ အရှင်မင်းကြီး၊ ဤလက်စွပ်သည် အရှင်မင်းကြီး၏ လက်စွပ်တည်း။ ဤလက်စွပ်ကို သိတော်မူလောဟု လျှောက်၏။ ဤလက်စွပ်သည်လည်း ငါ့လက်စွပ်မဟုတ်ဟု ဆို၏။ အရှင်မင်းကြီး သစ္စာပြုခြင်းကိုထား၍ အကျွန်ုပ်အား တစ်ပါးသောသက်သေ မရှိ။ ဤသူငယ်သည် အရှင်မင်းကြီးတို့ကို စွဲ၍ အကယ်၍ဖြစ်ငြားအံ့၊ ကောင်းကင်၌ တည်စေ။ အကယ်၍ မဖြစ်ငြားအံ့၊ မြေသို့ကျ၍ သေစေဟု ဘုရားလောင်း၏ ခြေ၌ကိုင်၍ ကောင်းကင်သို့ ပစ်၏။ ဘုရားလောင်းသည် ကောင်းကင်၌ ထက်ဝယ်ဖွဲ့ခွေနေလျက် သာယာစွာသောအသံဖြင့် အဖအား တရားဟောဝဒ်ိရကား-

၇။ ပုတ္တော တျာဟံ မဟာရာဇ၊ တွံ မံ ပေါသ ဇနာဓိပ။
အညေပိ ဒေဝေါ ပေါသေတိ၊ ကိဉ္စ ဒေဝေါ သကံ ပဇံ။

ဟူသော ဤဂါထာကို ဆို၏။

ဇနာဓိပ၊ လူတို့ကို အစိုးရတော်မူသော။ မဟာရာဇ၊ မင်းကြီး။ အဟံ၊ အကျွန်ုပ်သည်။ တေ၊ အရှင်မင်းကြီး၏။ ပုတ္တော၊ သားတည်း။ တွံ၊ အရှင်မင်းကြီး သည်။ မံ၊ အကျွန်ုပ်ကို။ ပေါသ၊ မွေးမြူပါလော့။ ဒေဝေါ၊ အရှင်မင်းကြီးသည်။

http://www.uparama.com



အညေပိ၊ တစ်ပါးကုန်သော သူတို့ကိုလည်း။ ပေါသေတိ၊ မွေး‌မြူ၏။ ဒေဝေါ၊ အရှင်မင်းကြီးသည်။ သကံ ပဇံ၊ မိမိသားကို။ ကိံ၊ အသို့မူ၍။ န ပေါသေတိ၊ မမွေးမြူသနည်း။

သား မည်သည်ကား အတြဇသား, ခေတြဇသား, အန္တေဝါသိက သား, ဒိန္နကသား ဟူ၍ လေးပါးအပြားရှိ၏။ ထိုလေးပါးတို့တွင် မိမိ ကိုယ်ကို စွဲ၍ ဖြစ်သောသားသည် "အတြဇသား"မည်၏။ အိပ်ရာအပြင် ပလ္လင် အစရှိသည်တို့၌ ဖြစ်သောသားသည် "ခေတြဇသား"မည်၏။ အထံ၌ အတတ်သင်သော သားသည် "အန္တေဝါသိကသား"မည်၏။ မွေးစားစိမ့်သောငှာ ပေးအပ်သောသားသည် "ဒိန္နကသား" မည်၏။ ထိုလေးပါးတို့တွင် ဤအရာ၌ အတြဇသားကိုရည်၍ ပုတ္တောဟု ဆိုသတည်း။

မင်းသည် ကောင်းကင်၌နေ၍ ဤသို့တရားဟောသော ဘုရားလောင်း၏ တရားစကားကိုနာရ၍ ချစ်သား၊ လာလော့။ ငါသည်လျှင် မွေးအံ့၊ ငါသည်လျှင် မွေးအံ့ဟု လက်ဖြန့်၏။ တစ်ပါးသောသူတို့သည်လည်း လက်တစ်ထောင်ကိုဖြန့်လင့် ကြကုန်၏။ ဘုရားလောင်းသည် တစ်ပါးသောသူ၏လက်၌ မသက်မူ၍ မင်း၏ လက်၌ သက်၍ ရင်ခွင်၌ နေ၏။ မင်းသည် ဘုရားလောင်းအား အိမ်ရှေ့မင်း၏ အဖြစ်ကို ပေး၍ အမိကို မိဖုရားကြီးအရာ၌ ထား၏။ ဘုရားလောင်းသည် အဖလွန် သဖြင့် ကဋ္ဌဝါဟန မည်သော မင်းဖြစ်၍ တရားသဖြင့် မင်းပြု၍ ကံအားလျော်စွာ လား၏။

**ဇာတ်ပေါင်း**—မြတ်စွာဘုရားသည် ကောသလမင်းကြီးအား ဤဓမ္မဒေသနာ ကို ဆောင်၍ နှစ်ပါးကုန်သော ဝတ္ထုတို့ကို ပြတော်မူ၍ အနုသန္ဓေကိုစပ်၍ ယခု အခါ မဟာမာယာသည် ထိုအခါ အမိဖြစ်ပြီ။ ယခုအခါ သုဒ္ဓေါဒနမင်းကြီးသည် ထိုအခါ အဖဖြစ်ပြီ။ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ကဋ္ဌဝါဟန မင်းကြီး ဖြစ်ပြီ။ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

[ဇာတိယုတ်မြတ်၊ အမိလုပ်၊ ဖမြတ်ပဓာန မွေးခံရ]

**ခုနစ်ခုမြောက်သော ကဋ္ဌဟာရိဇာတ်သည် ပြီး၏။**